# သင့်ကိုယ်သင်၊ သင့်မိသားစုနှင့် သင့်ဒေသအသိုင်းအဝိုင်းကို ကာကွယ်ရန်...

# COVID-19 ကာကွယ်ဆေးထိုးပါ

DENVER HEALTH
est. 1860
FOR LIFE'S JOURNEY







## ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

ကာကွယ်ဆေးသည် ကျွန်ုပ်တို့ **COVID-19** ကို တိုက်ဖျက်ရာတွင် သုံးသော လက်နက်တစ်ခု ဖြစ်သည်။
သင့်အနေဖြင့် အခြားသူများကို ကာကွယ်ပေးပြီး သင့်ဒေသအသိုင်းအဝိုင်းကို ကူညီရာရောက်ပါသည်။

## ကာကွယ်ဆေးက ဘေးကင်းပါသလား။

ဘေးကင်းပါသည်။ COVID-19 ကာကွယ်ဆေးများသည် သင့်ကို COVID-19 ရောဂါ မကူးစက်နိုင်စေရန် အလွန်ထိရောက်စွာ ကာကွယ်ပေးပါသည်။ ဤကာကွယ်ဆေးများသည် သင့်ကို ရောဂါမဖြစ်စေပါ။








## ကာကွယ်ဆေးက အခမဲ့ဖြစ်သလား။

ဟုတ်ပါသည်။ ကာကွယ်ဆေးသည် လူတိုင်းအတွက် အခမဲ့ဖြစ်သည် – အသက်အရွယ်၊ လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်၊ အိမ်ရာနေထိုင်မှု သို့မဟုတ် အထောက်အထား စာရွက်စာတမ်း အခြေအနေက မည်သို့ပင်ဖြစ်စေ ကာကွယ်ဆေးကို အခမဲ့ထိုးပေးပါမည်။ မည်သည့် ဓာတ်ပုံပါသော အိုင်ဒီကတ်ကိုမဆို လက်ခံပြီး သင့်တွင် ဓာတ်ပုံပါသော အိုင်ဒီကတ်မရှိပါက ကာကွယ်ဆေးထိုးပေးသူများသည် သင်ကာကွယ်ဆေး ထိုးပြီးကြောင်းသေချာစေရန် သင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါမည်။

## ကာကွယ်ဆေးထိုးပြီးပါက ဘယ်လို ခံစားရမလဲ။

COVID-19 ကာကွယ်ဆေး ထိုးပြီးနောက် ဘေးထွက်ဆိုးကျိုးအချို့ ခံစားရနိုင်ပါသည်။

၎င်းတို့မှာ သင့်ခန္ဓာကိုယ်က အကာအကွယ်တစ်ခု တည်ဆောက်နေသော ပုံမှန် လက္ခဏာများ ဖြစ်ပြီး ရက်အနည်းငယ်သာ ကြာပါမည်။

## နှာခေါင်းစည်း ဆက်တပ်ရန် လိုပါသလား။

လိုပါသည်။ သင်သည် ကာကွယ်ဆေးထိုးထားပြီးသည့်တိုင် နှာခေါင်းစည်းဆက်တပ်ထားရန် လိုပြီး လူများနှင့် ခပ်ခွာခွာနေရန် လိုပါသည်။

## ကာကွယ်ဆေးကို မည်သည့်နေရာတွင် ထိုးနိုင်ပါသလဲ။

နောက်ဆုံးရအချက်အလက်များကို သိရှိရန် COVID ကာကွယ်ဆေးထိုးရန်အတွက် စာရင်းသွင်းနိုင်သည့် ဖုန်းလိုင်းနံပါတ် **303-436-7000**, ကို ခေါ်ဆိုပါ၊ သင့်ဖုန်းကင်မရာကို ဖွင့်၍ QR ကုဒ်ကို စကန်ဖတ်ပါ သို့မဟုတ် **DenverHealth.org/covidvaccine**. သို့ သွားရောက်လေ့လာပါ။